
# Wisconsin ၏ Asthma-Safe Homes Program (ပန်းနာရင်ကျပ်ကင်းစင်နေအိမ်များ အစီအစဉ်) ကို မိတ်ဆက်ခြင်း

(Introducing Wisconsin's Asthma-Safe Homes Program)



## သင်၏ Asthma-Safe Home (ပန်းနာရင်ကျပ်ကင်းစင်နေအိမ်) ကို ဖန်တီးပါ

### မိသားစုများ အသက်ရှူချောင်နိုင်စေရေးအတွက် အခမဲ့ အိမ်တိုင်ရာရောက် ပန်းနာရင်ကျပ် ဝန်ဆောင်မှုများ ပေးနေပါပြီ။

Wisconsin Department of Health Services (ကျန်းမာရေးဝန်ဆောင်မှုဌာန) ၏ Asthma-Safe Homes Program (ပန်းနာရင်ကျပ်ကင်းစင်နေအိမ်များ အစီအစဉ်) ဖြင့် သင်၏ ပန်းနာရင်ကျပ်ကို ထိန်းချုပ်ပြီး ဘဝကို အကောင်းမွန်ဆုံး နေထိုင်ပုံနည်းလမ်းအကြောင်း လေ့လာပါ။ ဤအစီအစဉ်သည် သတ်မှတ်ချက်ပြည့်မီသော မိသားစုများအတွက် အခမဲ့၊ အိမ်တိုင်ရာရောက် ပန်းနာရင်ကျပ် ပညာပေးနှင့် အိမ်ပြင်ဆင်မှု ဝန်ဆောင်မှုများပေးသည်။

ပါဝင်သူများအနေဖြင့် သတ်မှတ်ချက်ပြည့်မီရန်-

- Milwaukee၊ Kenosha၊ Racine သို့မဟုတ် Rock ကောင်တီများတွင် နေထိုင်ရမည်။
- Medicaid ပြည်နယ်ကျန်းမာရေးအာမခံအတွက် သတ်မှတ်ချက်ပြည့်မီရမည်။
- အသက် 2-18 နှစ် သို့မဟုတ် ကိုယ်ဝန်ဆောင် ဖြစ်ရမည်။
- ညံ့ဖျင်းစွာထိန်းချုပ်ထားသော ပန်းနာရင်ကျပ် ရှိရမည်။

ဤအစီအစဉ်ကပေးအပ်သည်မှာ-

- ပန်းနာရင်ကျပ်ကို စီမံပုံနည်းလမ်းအကြောင်း ပညာပေးဆွေးနွေးမှု။
- ပန်းနာရင်ကျပ်ဖြစ်စေသည့်အရာများအတွက် အိမ်သို့လာရောက်အကဲဖြတ်ပေးခြင်း။
- သင့်အိမ်အတွက် ပန်းနာရင်ကျပ် အထောက်အပံ့ $1,000 အထိ။
- သတ်မှတ်ချက်ပြည့်မီသော အိမ်ပြင်ဆင်မှုများအတွက် $5,000 အထိ ထောက်ပံ့မှု။

ဤဝန်ဆောင်မှုများသည် သင် သို့မဟုတ် သင့်ကလေးကို ဆေးဝါးအတွက် လျှော့သုံးရခြင်း၊ အရေးပေါ်ဌာနများသို့ သွားရသည့်အရေအတွက် နည်းစေခြင်း၊ ဆေးရုံညလုံးပေါက်တက်ရမှုကို ရှောင်ရှားနိုင်စေခြင်းနှင့် ကျောင်းနှင့် အလုပ်ကို ပျက်ကွက်မှုနည်းစေခြင်းတို့အတွက် အကူအညီဖြစ်စေနိုင်သည်။

**ညွှန်းဆိုရန်အတွက် သင်၏ ကျန်းမာရေးစောင့်ရှောက်မှုပေးသူ၊ ကျောင်းသူနာပြု၊ ဆေးဝါးပညာရှင် သို့မဟုတ် ပန်းနာရင်ကျပ် ပညာပေးဆွေးနွေးသူထံမေးပါ။**

**မေးစရာရှိပါသလား။**


dhs.wi.gov/asthma/ashp.htm
DHSAsthmaSafeHomes@wi.gov
608-266-1112


### ဝန်ဆောင်မှုများကို မည်သို့အသုံးပြုရမည်နည်း

1. Asthma-Safe Homes Program (ပန်းနာရင်ကျပ်ကင်းစင်နေအိမ်များ အစီအစဉ်) ကို ညွှန်းဆိုရန်အတွက် သင်၏ ကျန်းမာရေးစောင့်ရှောက်မှုပေးသူ၊ ကျောင်းသူနာပြု၊ ဆေးဝါးပညာရှင် သို့မဟုတ် ပန်းနာရင်ကျပ် ပညာပေးဆွေးနွေးသူထံမေးပါ။
2. ပန်းနာရင်ကျပ် ပညာပေးဆွေးနွေးသူနှင့် နှစ်ကြိမ်မှ ခြောက်ကြိမ်အထိ တွေ့ဆုံဆွေးနွေးပြီး အိမ်သုံးပစ္စည်းများ ယူပါ။ သတ်မှတ်ချက်ပြည့်မီပါက သင့်ကို အသေးစိတ်အိမ်အကဲဖြတ်မှုအတွက် ညွှန်းဆိုပေးပါလိမ့်မည်။
3. အကဲဖြတ်မှုသည် ပန်းနာရင်ကျပ်ဖြစ်စေသော အဓိကအချက်များကို ဖော်ထုတ်မိပါက အိမ်ပြင်ဆင်မှုရယူပါ။ ပြင်ဆင်မှုများကို အိမ်ငှား သို့မဟုတ် အိမ်ပိုင်ရှင်များအတွက် ရရှိနိုင်သည်။




Asthma-Safe Homes Program
Division of Public Health
Wisconsin Department of Health Services
P-03351BU (10/2023)